ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပမှုကို လာရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၂၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မိုးအောင် (ခ) နေရှိုင်း (ရန်ကင်းမဲဆန္ဒနယ်) ၏ မိတ်ဆွေများဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာသာအဖွဲ့ချုပ်မှ ဓမ္မစကြာဝတ်အဖွဲ့ (၂၂၈) ဦးနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၊ နေပြည်တော် မသန်စွမ်းသူများအသင်းမှ ဥက္ကဋ္ဌ ဒေါ်ခင်သီတာထွန်း ဦးဆောင်သည့်အဖွဲ့ (၄၀) ဦး၊ စုစုပေါင်း (၂၆၈) ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

(သတင်းစဉ်)